## လက်အောက်ခံကုမ္ပဏီ၏ မိတ်ဖက်ပါတနာ ပြောင်းလဲခြင်းအား အသိပေးကြေငြာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲ များ စုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် လက်အောက်ခံ ကုမ္ပဏီများဖြစ်သော Yoma Siloam Hospital Pun Hlaing Limited ("YSHPH") နှင့် Pun Hlaing International Hospital limited("PHIH") တို့၏ မိတ်ဖက်ပါတနာဖြစ်သော PT Waluya Graha Loka ("WGL") သည် စင်္ကာပူစတော့အိတ်ချိန်းစာရင်းဝင် OUE Lippo Healthcare Limited ("OUELH") နှင့် အရောင်းအဝယ်စာချုပ်အား OUELH ၏ ရာနှုန်းပြည့် သွယ်ဝိုက်ပိုင်ဆိုင်သော လက်အောက်ခံကုမ္ပဏီများဖြစ်သည့် OUELH Healthcare Services (MM) Pte. Ltd. ("OHS") နှင့် OUELH Healthcare Assets (MM) Pte. Ltd. ("OHA") တို့မှတဆင့် အောက်ပါအချက်အလက်များအတိုင်း ချုပ်ဆိုခဲ့ကြောင်း အစုရှယ်ယာရှင်များအား အသိပေးအကြောင်း ကြားအပ်ပါသည်။

### အရောင်းအဝယ်ဆိုင်ရာ အချက်အလက်များ

OHS နှင့် OHA တို့သည် YSHPH ၏ ၄၀% နှင့် PHIH ၏ ၃၅% တို့အား WGL ထံမှ အမေရိကန်ဒေါ်လာ ၁၉.၅ သန်း တန်ဖိုးဖြင့် လွှဲပြောင်းရယူရန် အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ သဘောတူစာချုပ်ပါ ကိစ္စရပ်များ ဆောင်ရွက်ပြီးစီးပြီးနောက်တွင် OUELH သည် ဝယ်ယူသူများမှတဆင့် ပန်းလှိုင်စီလုံဆေးရုံအုပ်စု၏ စီမံအုပ်ချုပ်မှုနှင့် လုပ်ငန်းလည်ပတ်မှု ဆိုင်ရာတို့တွင် ကုမ္ပဏီ၏ မိတ်ဖက်ပါတနာ အသစ် ဖြစ်လာမည် ဖြစ်သည်။

### ဘဏ္ဍာရေးဆိုင်ရာ အကျိုးသက်ရောက်မှု

ဤ မိတ်ဖက်ပါတနာ ပြောင်းလဲမှုသည် ပန်းလှိုင်စီလုံဆေးရုံအုပ်စုတွင် ကုမ္ပဏီ၏ ရှယ်ယာပိုင်ဆိုင်မှု ပြောင်းလဲခြင်း မရှိသည့်အပြင် လက်ရှိ ဘဏ္ဍာရေးနှစ်အတွက် ရှယ်ယာတစ်စုစီ၏ အမြတ်ငွေအပေါ်များစွာ အကျိုးသက်ရောက်မှု ရှိမည် မဟုတ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်

**First Myanmar Investment Co., Ltd.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm